**စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့ ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်အား ထုတ်ပြန်ကြေညာခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ ("ကုမ္ပဏီ"နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် အတွက်ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီးသောဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲ ထုတ်ပြန် ကြေညာအပ်ပါသည်။

ယခုနှစ်ကုန်တွင် ထုတ်ပြန်သော ဤဘဏ္ဍာရေး အစီရင်ခံစာသည် စက်တင်ဘာလတိုင်း ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် အသစ်ဖြင့် ကိုက်ညီမှု ရှိစေရန် ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ("၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်") ခြောက်လကြာ ကာလအတွင်း လုပ်ငန်းလည်ပတ်မှုများကို ဖော်ပြထုတ်ပြန်ထားသော အစီရင်ခံစာ ဖြစ်ပါသည်။ ကြောင်းကျိုးဆီလျော်သော နှိုင်းယှဉ် လေ့လာမှု ပြုလုပ်နိုင် ရန်အတွက် ကုမ္ပဏီ စီမံခန့်ခွဲရေးအဖွဲ့သည် ၂၀၁၈ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ("၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်") ကာလကို ဖော်ပြထားသော နှစ်ဝက် ဘဏ္ဍာရေး အစီရင်ခံစာနှင့် ယှဉ်တွဲ အသုံး ပြုထားပါသည်။ ဆွေးနွေးချက် နှင့် လေ့လာသုံးသပ်ချက် တို့အား အောက်ပါအတိုင်း အသိပေးတင်ပြအပ်ပါသည်။

**KEY HIGHLIGHTS**

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY Sep 2019** (Audited) | HY Sep 2018 | % Change |
|---|---|---|---|
| Revenue | **168,432,139** | 130,534,069 | 29.0% |
| Cost of sales | **(99,285,554)** | (79,425,965) | 25.0% |
| Gross profit | **69,146,585** | 51,108,104 | 35.3% |
| Gross margin | **41.1%** | 39.2% | 1.9% |
| Administrative expenses | **(51,731,077)** | (43,597,134) | 18.7% |
| Finance expenses | **(4,962,917)** | (2,635,149) | 88.3% |
| Other gains or losses | **(1,772,980)** | (6,287,865) | (71.8%) |
| Profit from associates and joint venture | **1,951,715** | 14,508,782 | (86.5%) |
| Profit before income tax | **12,631,326** | 13,096,738 | (3.6%) |
| Income tax expenses | **(5,530,725)** | (3,282,985) | 68.5% |
| Net profit for the period/ year | **7,100,601** | 9,813,753 | (27.6%) |
| Fair value adjustment of investment | **2,332,924** | (2,497,798) | (193.4%) |
| Share of other comprehensive income of associate | **(2,315,056)** | - | NM |
| **Total comprehensive income for the period/ year** | **7,118,469** | 7,315,955 | (2.7%) |
| Earnings per share (MMK) | **9** | 246 | (96.3%) |

NM – Not meaningful

၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေမှာ ကျပ် ၁၆၈.၄ ဘီလီယံဖြစ်ပြီး ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင်ရရှိခဲ့သော စုစုပေါင်းဝင်ငွေထက် ၂၉.၀% တိုးတက်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေတိုးတက်မှုမှာ အဓိကအားဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှု ကဏ္ဍ ကြောင့်ဖြစ်ပြီးဘဏ္ဍာရေးဝန်ဆောင်မှု ကဏ္ဍသည် ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ ကျပ် ၁၂၀ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၅၀.၆ ဘီလီယံရရှိသဖြင့် ၂၅.၅% တိုးတက်ခဲ့ပါသည်။ ထိုသို့ဝင်ငွေတိုးတက်လာခြင်းမှာ ဒစ်ဂျစ်တယ် ချေးငွေ၊ အိမ်ရာချေးငွေ၊အသေးစား ချေးငွေနှင့် ငွေပိုထုတ်ယူခြင်းတို့ထံမှ အတိုးဝင်ငွေများ တိုးတက် ရရှိလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှ ဝင်ငွေသည်လည်း ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀.၃ ဘီလီယံ မှ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၇.၆ ဘီလီယံသို့ တိုးတက်လာခဲ့ပါသည်။ ဝင်ငွေတိုးတက်ရသည့် အဓိက အကြောင်းအရင်းမှာ ဆေးရုံ၏ တိုက်ရိုက်ဝန်ဆောင်မှု လုပ်ငန်း၊ အထောက်အကူပြုပေးခြင်း ဝန်ဆောင်ခများ နှင့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း ကိရိယာများ ငှားရမ်းခြင်း တို့ကြောင့် ဖြစ်ပါသည်။

၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင်ရရှိသော ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါ အတိုင်း ခွဲခြမ်း စိတ်ဖြာနိုင်ပါသည်။

| (MMK'000) | **FY Sep 2019** (Audited) | HY Sep 2018 | % Change |
|---|---|---|---|
| Financial Services | **150,604,461** | 120,023,715 | 25.5% |
| Healthcare Services | **17,639,802** | 10,335,348 | 70.7% |
| Dividend Income | **160,876** | 148,006 | 8.7% |
| Rental | **27,000** | 27,000 | 0% |
| **Total** | **168,432,139** | **130,534,069** | **29.0%** |

ကုမ္ပဏီအုပ်စု၏ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်အတွင်း အကြမ်းအမြတ်သည် ကျပ် ၆၉.၁ ဘီလီယံ ရှိခဲ့ပြီး ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော ကျပ် ၅၁.၁ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ၃၅.၃% တိုးတက်ခဲ့ပါ သည်။ ဤသို့တိုးတက်လာခြင်းမှာ ဘဏ္ဍာရေး ဝန်ဆောင်မှု ကဏ္ဍဖြစ်သော ရိုးမဘဏ် လီမိတက် ("ရိုးမဘဏ်") ၏ အကြမ်းအမြတ် တိုးတက်လာခြင်းနှင့် ရိုးမဘဏ်၏ အတိုးပေးရငွေ လျော့ကျလာခြင်း ကြောင့်ဖြစ်ပါသည်။ အလားတူ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍ သည်လည်း အကြမ်း အမြတ်အချိုးအား ဆက်လက် ထိန်းသိမ်း ထားနိုင်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ အသုံးစရိတ် စုစုပေါင်း အနေဖြင့် ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၃.၆ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင်ကျပ် ၅၁.၇ ဘီလီယံသို့ ၁၈.၇% တိုးတက်ခဲ့ပါသည်။ အသုံးစရိတ်များမြင့်တက်လာရခြင်း၏ အဓိက အကြောင်းအရင်းမှာ ဝန်ထမ်းလစာ နှင့် ခံစားခွင့်များ၊ ကျွမ်းကျင် ပညာရှင်များ အတွက် အသုံးစရိတ်များ၊ ဈေးကွက် မြှင့်တင်ရေး စရိတ်များ၊ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင် မှုများကြောင့် ဖြစ်ပေါ်လာသော ကုန်ကျစရိတ်များ ဒါရိုက်တာများ၏ အကျိုးခံစား ခွင့်များ နှင့် ပုံသေပိုင် ပစ္စည်း တန်ဖိုးလျော့ကျမှု စရိတ်များ ကြောင့် ဖြစ်ပါသည်။ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများကြောင့် ဖြစ်ပေါ် လာသော ကုန်ကျစရိတ်များသည် ကုမ္ပဏီအုပ်စု၏ စံတန်ဖိုးများ ထဲမှ တစ်ခု ဖြစ်သော တီထွင်ဖန်တီးမှု ရှိခြင်း ဟူသော စံတန်ဖိုးနှင့် အညီ ပြုပြင်တိုးချဲ့မှုများ ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ထို့အပြင် ဘဏ္ဍာရေး အသုံးစရိတ် မြင့်တက်လာရခြင်းမှာ ဤကာလအတွင်း ထပ်တိုးချေးငွေ များအတွက် သုံးစွဲရသည့် အတိုး ပေးငွေမှာ ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေး နှစ် တွင် ၂.၆ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ၅.၀ ဘီလီယံသို့ ၈၈.၃% မြင့်တက်ခဲ့ပါသည်။

လုပ်ငန်းလည်ပတ်မှုမှ မဟုတ်သော အခြား ဝင်ငွေ နှင့် အရှုံးများကို တင်ပြရလျှင် ၂၀၁၉ စက်တင်ဘာဘဏ္ဍာရေးနှစ်တွင် ကျပ် ၁.၈ ဘီလီယံ အရှုံးပေါ်ခဲ့ပြီး ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်လျှင် ၇၁.၈% လျော့နည်းခဲ့ပါသည်။ လုပ်ငန်းလည်ပတ်မှုမှ မဟုတ်သော အခြား ဝင်ငွေ နှင့် အရှုံးများကို အောက်ပါအတိုင်း အသေးစိတ် ခွဲခြားနိုင်ပါသည်။

| (MMK'000) | **FY Sep 2019** (Audited) | HY Sep 2018 |
|---|---|---|
| Gain on conversion of loan | **150,000** | - |
| Fair value loss on initial recognition of investment property | **(872,173)** | - |
| Gain on disposal of property and equipment | **42,850** | 32,563 |
| Loss on foreign currency exchange, net | **(370,851)** | (5,346,371) |
| Write off of unsuccessful business development | **(216,982)** | (755,053) |
| Capital gains tax | **(3,590)** | (121,244) |
| Written off of property and equipment | **(502,234)** | (97,760) |
| **Total Loss** | **(1,772,980)** | (6,287,865) |

ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် International Finance Corporation ("IFC") ၏ ချေးငွေအား အစုရှယ်ယာ သို့ ပြောင်းလဲခြင်းကြောင့် ရရှိလာသော အမြတ်ငွေ ကျပ် ၁၅၀ သန်း ရှိပါသည်။

ထို့အပြင် ပုံသေပိုင်ပစ္စည်း ရောင်းချခြင်းမှ အမြတ်ငွေ ကျပ် ၄၂.၉ သန်း ရရှိခဲ့ပြီး ပုံသေပိုင် ပစ္စည်းပယ်ဖျက်မှု ကြောင့် ကျပ် ၅၀၂.၂ သန်း ဆုံးရှုံးခြင်းတို့မှာ အဓိကအားဖြင့် ရိုးမဘဏ်မှ ဖြစ်ပြီး အနည်းငယ် မှာ ရိုးမစီလုံ ဆေးရုံပန်းလှိုင်လီမိတက် ထံမှ ဖြစ်ပါသည်။

ဈေးကွက် တန်ဖိုး နှင့် အညီ တန်ဖိုးပြန်လည် သတ်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှု ကျပ် ၈၇၂.၂ သန်းမှာ ပန်းလှိုင်အင်တာနေရှင်နယ် ဆေးရုံလီမိတက်၏ မော်လမြိုင် မြို့တွင် ရှိသော မြေယာ ပိုင်ဆိုင်မှုအား ကနဦး တန်ဖိုးသတ်မှတ်ချက် လျော့ကျသွားခြင်း ကြောင့် ဖြစ်ပါသည်။

စီးပွားရေး လုပ်ငန်း အသစ် အစပျိုး စရိတ်များ ပယ်ဖျက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကုန်ကျစရိတ် ကျပ် ၂၁၇.၀ သန်းမှာ မာန်အောင်ကျွန်းရှိ ရင်းနှီးမြှုပ်နှံမှုအား သက်ဆိုင်ရာ ဒါရိုက်တာအဖွဲ့က ဆက်လက် လုပ်ကိုင်ရန် မသင့်ကြောင်း အကြံပြုဆုံးဖြတ်ခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။

၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံခြားငွေ ဖလှယ်ခြင်းစာရင်းတွင် ဆုံးရှုံးငွေ ကျပ် ၃၇၀.၉ သန်းသာ ရှိပြီး ၂၀၁၈ စက်တင်ဘာလ ဘဏ္ဍာရေးနှစ်ဖြင့် ယှဉ်လျှင် ၉၃.၁% လျော့နည်းခဲ့ပါသည်။ ထိုဆုံးရှုံးမှုသည် အဓိကအားဖြင့် ကုမ္ပဏီမှ အမေရိကန်ဒေါ်လာဖြင့် ချေးယူထားသော ကြွေးမြီများ ပေါ်တွင် ဖြစ်ပေါ်လာသော စာရင်းအရဆုံးရှုံး မှုများ ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီ အုပ်စု၏ အစုစပ် ကုမ္ပဏီ များ နှင့် ဖက်စပ်ကုမ္ပဏီများမှ ခွဲဝေရရှိသောအမြတ်ငွေသည် ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ကျပ် ၁၄.၅ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၉ စက်တင်ဘာဘဏ္ဍာနှစ်တွင် အမြတ်ငွေ ကျပ် ၂.၀ ဘီလီယံသို့ ၈၆.၅% အထိ ကျဆင်းသွားသည်ကို တွေ့ ရှိရပါသည်။ ထိုသို့ ကျဆင်းရသည့် အဓိက အကြောင်းမှာ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍမှ ယခုဘဏ္ဍာရေးနှစ်အတွက် ရရှိသော ဝင်ငွေ ကျဆင်းသွာသော ကြောင့် ဖြစ်ပါသည်။

တွဲဖက်ကုမ္ပဏီများနှင့် ဖက်စပ် ကုမ္ပဏီများမှခွဲဝေရရှိသည့်အမြတ်ငွေများကို အောက်ပါအတိုင်းခွဲခြမ်းစိတ်ဖြာ ၍ ဖော်ပြထားပါသည်။

| Associates & Joint Venture | Stake | Group Share of Profit/Loss<br>FY Sep 2019 | HY Sep 2018 |
|---|---|---|---|
| (MMK'000) | | (Audited) | |
| FMI Garden Development Co., Ltd | 47.5% | **(48,583)** | (74,249) |
| Thanlyin Estate Development Ltd | 30.0% | **2,006,596** | 11,351,200 |
| Pun Hlaing Link Services Co., Ltd | 30.0% | **611** | 3,243,198 |
| Chindwin Holdings Pte Ltd | 30.0% | **(2,411)** | (82,543) |
| LSC-FMI Co., Ltd | 50.0% | **(971)** | (1,423) |
| Meeyahta International Hotel Ltd | 20.0% | **(2,641)** | 192,813 |
| FMIDecaux Co., Ltd | 40.0% | **(885)** | (120,214) |
| **Total** | | **1,951,715** | 14,508,782 |

၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေခွန်မဆောင်မီ အမြတ်ငွေသည် ကျပ် ၁၂.၆ ဘီလီယံ ရှိပြီး ၃.၆% ကျဆင်းခဲ့ပါသည်။ ထိုသို့ အမြတ်ငွေ ကျဆင်းရသည့် အကြောင်းရင်းမှာ အိမ်ရာဖော်ထုတ် တည်ဆောက်ရေးကဏ္ဍမှ ဝင်ငွေ ရှာဖွေမှု ကျဆင်းရခြင်းနှင့်  အထွေထွေ အသုံးစရိတ်များ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ ကုမ္ပဏီ အုပ်စု၏ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေး နှစ်တွင် စုစုပေါင်း အသားတင် အမြတ်ငွေသည် ကျပ် ၇.၁ ဘီလီယံသာ ရှိပြီး ၂၇.၆% ကျဆင်းခဲ့ပါသည်။ အသားတင် အမြတ်ငွေ ကျဆင်းရခြင်းမှာ ရိုးမဘဏ်နှင့် သက်ဆိုင်သော ဝင်ငွေခွန် ၆၈.၅% တိုးတက်လာခြင်းနှင့် ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်ပါက အစုစပ် ကုမ္ပဏီ များ နှင့် ဖက်စပ်ကုမ္ပဏီများမှ ခွဲဝေရရှိသောအမြတ်ငွေသည် ၈၆.၅% ကျဆင်းခဲ့သောကြောင့် ဖြစ်ပါသည်။

၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်အတွင်း  Available-for-sale ရင်းနှီးမြှုပ်နှံမှုများ၏  တန်ဖိုးများကို ပြန်လည် သတ်မှတ် ရာတွင် ကျပ် ၂.၃ ဘီလီယံ ရရှိခဲ့ပြီး ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာနှစ်တွင် ကျပ် ၂.၅ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ ဈေးကွက် တန်ဖိုး ပြန်လည် သတ်မှတ်မှုကြောင့် အမြတ်ငွေ ရရှိရသည့် အကြောင်းရင်းမှာ Myanmar Financial Reporting Standards နှင့် အညီ လိုက်နာကျင့်သုံးရခြင်း ဖြစ်ပြီး စာရင်းပေါ်ရှိ စုစုပေါင်းအမြတ်မှာ Myanmar Thilawa SEZ Holdings Public Ltd ("MTSH") နှင့်  Digital Money Myanmar Ltd တို့တွင် ထည့်ဝင် ထားသော အစုရှယ်ယာရင်းနှီးမြှုပ်နှံမှုများ၏ တန်ဖိုးပြောင်းလဲ ခြင်းကြောင့် ဖြစ်ပြီး၊  Memories Group ၏ ရှယ်ယာများကို ယခုနှစ်ကုန် ကာလတွင် ဖြစ်ပေါ်နေသော ရှယ်ယာပေါက်ဈေးနှင့် အညီ တန်ဖိုးပြန်လည်သတ်မှတ်ရာတွင် အရှုံးပေါ်ပေါက်ခြင်း ကြောင့် ဖြစ်သည်။ တန်ဖိုးပြန် လည်သတ် မှတ်ခြင်း ပမာဏ ကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြ ထားပါ သည်။

| Investment | Carrying Value before Adjustment | Fair Value Adjustment | Carrying Value after Adjustment |
|---|---|---|---|
| (MMK'000) | | | |
| MTSH | 1,833,983 | 804,379 | 2,638,362 |
| Memories Group | 3,738,355 | (681,898) | 3,056,457 |
| Digital Money Myanmar Ltd | 8,273,909 | 2,210,443 | 10,484,352 |
| **Total** | **13,846,247** | **2,332,924** | **16,179,171** |

၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် တွဲဖက်လုပ်ငန်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းလည်ပတ်မှုမှ မဟုတ်သော အခြား ဝင်ငွေများ စုစုပေါင်း အရှုံး ကျပ် ၂.၃ ဘီလီယံ ရှိပြီး ထိုသို့ ဆုံးရှုံးရသည့် အကြောင်းရင်းမှာ Thanlyin Estate Development Co., Ltd ၏ နိုင်ငံခြားငွေလဲလှယ်မှုနှုန်း အပြောင်းအလဲကြောင့် မြန်မာကျပ်ငွေဖြင့်  ပြောင်းလဲတန်ဖိုးသင့် ရာတွင် ဖြစ်ပေါ်လာသော  စာရင်းအရ  အရှုံး ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသည့် ရလဒ်အရ အသားတင် အမြတ်မှ အစုရှယ်ယာရှင်အနေဖြင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ အတွင်း တိုက်ရိုက်ပိုင်ဆိုင်မှု ရှိသော ပမာဏသည် ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာနှစ်တွင် ကျပ် ၆.၆ ဘီလီယံ ရရှိခဲ့ပြီး ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၅၃ သန်းသာ ရရှိခဲ့ပါသည်။

ရှယ်ယာတစ်စုဝင်ငွေမှာ ၂၀၁၈ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၄၆ ရှိရာမှ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ၉ ကျပ် သို့ ၉၃.၉% ကျဆင်းခဲ့ပါသည်။ ထိုသို့ ရှယ်ယာတစ်စုဝင်ငွေ ကျဆင်းရသည့် အကြောင်းရင်းမှာ ခြောက်လကြာကာလ အတွင်း အသားတင်အမြတ်ငွေ လျော့နည်း သွားခြင်းနှင့် ထိုကာလအတွင်း ပျမ်းမျှရှယ်ယာ အရေအတွက် ပိုမိုများပြားလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ပြင် အိမ်ရာဖော်ထုတ်တည်ဆောက်ရေး ကဏ္ဍမှ အမြတ်ငွေ ကျဆင်းခြင်း ကြောင့် ရှယ်ယာတစ်စုဝင်ငွေ ကျဆင်းခဲ့ ခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေး အခြေအနေ အနှစ်ချုပ် စာရင်းရှင်းတမ်းအား တင်ပြရာတွင် ယခင်ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့ တွင် ရှိသော ဘဏ္ဍာရေး အခြေအနေနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**Summary Group Balance Sheet**

| (MMK'000) | **FY Sep 2019** (Audited) | FY Mar 2019 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **2,338,287,344** | 2,105,186,757 | 11.1% |
| Total non-current assets | **788,003,321** | 708,590,477 | 11.2% |
| Total assets | **3,126,290,665** | 2,813,777,234 | 11.1% |
| **LIABILITIES** | | | |
| Total current liabilities | **2,741,514,877** | 2,439,766,009 | 12.4% |
| Total non-current liabilities | **61,087,662** | 63,140,150 | (3.3%) |
| Total liabilities | **2,802,602,539** | 2,502,906,159 | 12.0% |
| **EQUITY** | | | |
| Total equity | **323,688,126** | 310,871,075 | 4.1% |
| Total equity and liabilities | **3,126,290,665** | 2,813,777,234 | 11.1% |

စုစုပေါင်း လက်ငင်းရပိုင်ခွင့်များအနေဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ၁၁.၁% တိုးတက်လာခဲ့ပါသည်။ အဓိကအားဖြင့် ရိုးမဘဏ်မှ ထုတ်ချေးငွေ ၂၀၁၉ ခုနှစ် မတ်လ တွင် ကျပ် ၁၆၆၀ ဘီလီယံ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၁၈၄၆ ဘီလီယံထိ မြင့်တက်ခဲ့ပါသည်။

လက်ငင်းမဟုတ်သောရပိုင်ခွင့်များသည်လည်း ၁၁.၂% တိုးတက်ခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်မှ မြန်မာ အစိုးရငွေတိုက်စာချုပ်များ ထပ်မံဝယ်ယူခြင်းနှင့် အစုစပ်လုပ်ငန်းများတွင် ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်တန်ဖိုးပြန်လည် သတ်မှတ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီ အုပ်စု၏ စုစုပေါင်း ပေးရန်တာဝန်မှာ ၁၂.၀% ထိ တက်သွားခြင်းမှာ အဓိကအားဖြင့် စီးပွားရေးလုပ်ငန်းများ ဆက်လက် တိုးချဲ့ ရန်အတွက် ကုမ္ပဏီ နှင့် ရိုးမစီလုံ ဆေးရုံပန်းလှိုင်လီမိတက် တို့ က ထပ်မံ၍ ချေးငွေ ရယူခဲ့ခြင်းနှင့် နိုင်ငံခြား ငွေကြေးလဲလှယ်နှုန်း အပြောင်းအ လဲကြောင့် အမေရိကန်ဒေါ်လာဖြင့် ချေးယူထားသော ချေးငွေပမာဏ ကို မြန်မာကျပ်ငွေသို့ ပြောင်းလဲ တန်ဖိုးသင့်ရာတွင် ဖြစ်ပေါ်လာသော စာရင်းအရချေးငွေ ပမာဏ မြင့်တက် လာခြင်း တို့ကြောင့် ဖြစ်သည်။

စုစုပေါင်း အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်မှုသည် ၄.၁% တိုးတက်ခဲ့ပြီး အဓိကအကြောင်းရင်းမှာ အများအားဖြင့် ရိုးမဘဏ်၏ အရန်ငွေကြေး ပမာဏ နှင့် လက်အောက်ခံ ကုမ္ပဏီများ၏ အနည်းစု ပိုင်ဆိုင်မှုများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

**Summary Group Cash Flow Statement**

| (MMK'000) | **FY Sep 2019** (Audited) | FY Mar 2019 (Audited) |
|---|---|---|
| Net cash provided by operating activities | **112,512,462** | 198,579,619 |
| Net cash used in investing activities | **(91,701,180)** | (152,385,262) |
| Net cash provided by financing activities | **12,709,494** | 17,483,843 |
| Net increase/ (decrease) in cash and cash equivalents | **33,520,776** | 63,678,200 |
| Cash and cash equivalents at beginning of financial period | **350,634,146** | 286,955,946 |
| Cash and cash equivalents at the end of the financial period | **384,154,922** | 350,634,146 |

ကုမ္ပဏီ အုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၃၅၀.၆ ဘီလီယံ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၃၈၄.၂ ဘီလီယံထိ မြင့်တက်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု ၏ ငွေစာရင်း ရှင်းတမ်းတွင် ဖော်ပြထားသော ငွေသားများ၏ အများစုကို ရိုးမဘဏ်မှ ကိုယ်စားပြုပါသည်။ ယခုနှစ်တွင်လည်း လုပ်ငန်းမှ ငွေသားစီးဝင်မှု အကြောင်းအရင်းမှာ ရိုးမဘဏ်မှ အပ်နှံငွေများ ဆက်လက် တိုးတက်မှုကြောင့် ဖြစ်ပါသည်။ ၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ်တွင် ရင်းနှီး မြှုပ်နှံ မှုအတွက် ကျပ် ၈၇.၃ ဘီလီယံ အသုံးပြုခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်မှ အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူ ခြင်းနှင့် လုပ်ငန်းအတွက် ပုံသေပိုင် ပစ္စည်း အသစ်များအား ကျပ် ၄.၅ ဘီလီယံခန့် ထပ်တိုးဝယ်ယူခြင်းကြောင့်ဖြစ်သည်။ ဘဏ္ဍာရေး ဆိုင်ရာ ငွေသားစီး ဝင်မှုမှာ ကျပ် ၁၂.၇ ဘီလီယံ ရှိခဲ့ပြီး အဓိက အကြောင်းအရင်းမှာ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍ နှင့် ကုမ္ပဏီ၏ ထပ်တိုး ချေးငွေများ ရယူမှုတို့ကြောင့် ဖြစ်ပါသည်။

**အနာဂတ်မျှော်မှန်းချက်**

ကုမ္ပဏီအုပ်စု အနေဖြင့် မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှုဖြစ်သော ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာဖော်ထုတ် တည်ဆောက်မှုကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများတွင် ဆက်လက်အာရုံစိုက်၍ ရင်းနှီးမြှုပ်နှံ သွားမည် ဖြစ်ပါ သည်။ ကုမ္ပဏီ အနေဖြင့် ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍမှ ရလဒ်ကောင်းများ ဆက်လက်ပေး စွမ်းနိုင်မည်ဟု မျှော်မှန်းထားပြီး ရေရှည်တွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့်အိမ်ရာဖော် ထုတ်တည်ဆောက်မှုလုပ်ငန်း များမှလည်း ကုမ္ပဏီအုပ်စုအား ဝင်ငွေ ပံ့ပိုးပေးလာနိုင်မည်ဟု မျှော်မှန်းထားပါသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင်လည်း ရိုးမဘဏ်သည် ရေရှည်တည်တံ့ခိုင်မြဲသော မဟာဗျူဟာများအား လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်း၊ စီးပွားရေးမိတ်ဖက်များ ဖွဲ့စည်းခြင်း ၊ မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအား တီထွင်ဖန်တီးမှုရှိသော ဘဏ္ဍာရေး ဝန်ဆောင်မှုများအား ပေးအပ်ခြင်းနှင့် ဘဏ်၏ ဖွဲ့စည်း တည်ဆောက်ပုံကို နိုင်ငံတကာ စံချိန်စံနှုန်းမီစေရန်နှင့် ရိုးရှင်းသော ပုံစံအဖြစ် ပြန်လည် ဖွဲ့စည်းနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး အခွင့်အလမ်းသစ်များကို ဆက်လက် ရှာဖွေလျက် ရှိပါသည်။

Mr. Dean Cleland အား ရိုးမဘဏ်၏ အမှုဆောင်အရာရှိချုပ်အသစ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းနှင့် အတူ ရိုးမဘဏ်သည် ဒီဂျစ်တယ် နည်းပညာ အပြည့်အဝ အသုံးပြုသော စီးပွားရေးဘဏ်တစ်ခု အဖြစ် ထွက်ပေါ်လာရန် ကြိုးပမ်းလျက် ရှိပြီး သုံးစွဲသူ ပြည်သူများအတွက် လစ်ဟာမှုမရှိသော ဘဏ်ဝန်ဆောင်မှု အတွေ့အကြုံနှင့် အများပြည်သူအား တီထွင်ဖန်တီးမှု ရှိသော ဝန်ဆောင်မှုတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့ပြင် ရိုးမဘဏ်သည် IFC ထံမှ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ရရှိခဲ့သော မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဘဏ်အဖြစ် အရေးကြီးသော မှတ်တိုင် တစ်ခုကိုလည်း စိုက်ထူနိုင်ခဲ့ပါသည်။ IFC ၏ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ တကာ အကောင်း ဆုံး စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့် အညီ ဝန်ဆောင်မှု ပေးသည့် ရိုးမဘဏ်၏ စိတ်အား ထက်သန်မှု နှင့် အများ ယုံကြည် လက်ခံ နိုင်မှုတို့ကို ပြသ သည့် ဖြစ်ရပ်လည်းဖြစ်ပါသည်။ နောက်ဆုံး အနေဖြင့် ကုမ္ပဏီသည် ၎င်း၏ ရိုးမဘဏ် အစုရှယ်ယာပိုင်ဆိုင်မှုအား တိုးမြှင့်နိုင် ရန် အတွက် Yangon Land Co.,Ltd နှင့် ရှယ်ယာအလဲအထပ်ပြုလုပ်ရန် သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး သက်ဆိုင်ရာ အာဏာပိုင်များ၏ အတည်ပြုချက် ကို စောင့်ဆိုင်းလျက် ရှိပါသည်။

အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍတွင်လည်း Yoma Land သည် နိုင်ငံရေး စီးပွားရေးအား အထောက်အကူ ပြုနိုင်သော တီထွင် ဖန်တီးမှုရှိသည့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေးဈေးကွက်အတွက် လိုအပ်သော ဝယ်လိုအားများကို ဆက်လက် ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ City Loft အိမ်ရာ စီမံကိန်း ၏ နောက်အဆင့်များကိုလည်း ဆက်လက် တိုးမြှင့် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ခေတ်မီ အိမ်ရာ စီမံကိန်း အသစ် တစ်ခုဖြစ်ပြီး တန်ဖိုးသင့်တင့်ရုံသာမက နှစ်ရှည်အိမ်ရာ ချေးငွေများကို ၂၅ နှစ်ကြာ ကာလအထိ ပေးအပ်လျက် ရှိပါသည်။ ကြီးမားသည့် ဈေးကွက် အသစ်တစ်ခု ဖန်တီးထားခြင်း ဖြစ်သောကြောင့် အနာဂတ်တွင် အမြတ်ဝင်ငွေ လမ်းကြောင်း တစ်ခုကို ဖန်တီးပေးနိုင်သော စီမံကိန်း တစ်ခု ဖြစ်လာမည်ဟု ကုမ္ပဏီက ယုံကြည်ထားပါသည်။

ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍတွင်လည်း ပန်းလှိုင်စီလုံဆေးရုံ (“PHSH”) သည် စီးပွားရေးအကျိုးအမြတ်များ ရရှိရန် နှင့် PHSH ဆေးရုံများနှင့် ဆေးခန်းများတွင် စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်တို့ အတွက် မဟာဗျူဟာ မြောက်သော ဆေးရုံများ တိုးချဲ့မှု အစီအစဉ်ကို လုပ်ဆောင်လျက်ရှိပါသည်။ စီမံအုပ်ချုပ်မှု အဖွဲ့သည် အားကောင်းပြီး ရေရှည်တည်တံ့သော နိုင်ငံတကာ စံနှုန်းမီ ကျန်းမာရေး ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်း ဆေးရုံ ၁၀ ခု ကျော်ဖြင့် ဆေးရုံကွန်ရက်တစ်ခု ဖွဲ့စည်းနိုင်ရန် အာရုံစူးစိုက် လုပ်ဆောင်လျက် ရှိပါသည်။

ခရီးသွားလုပ်ငန်း ကဏ္ဍတွင်လည်း ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက် ရှိသောကြောင့် ပိုင်ဆိုင်မှုတန်ဖိုးများ တိုးပွားလျက်ရှိပါသည်။ Memories Group သည် အချက်အခြာကျ နေရာကောင်းများတွင်တည်ရှိသော ဟိုတယ်ကောင်းများတွင် အစုရှယ်ယာ များဝယ်ယူ ရင်းနှီးမြှုပ်နှံခြင်းနှင့် ဟိုတယ်စီမံခန့်ခွဲ မှုကန်ထရိုက် စာချုပ်များ ကိုပိုမို ချုပ်ဆိုခြင်းဖြင့် ဟိုတယ်စီးပွားရေး လုပ်ငန်းခွဲများ တိုးချဲ့ရေးကိုရှေ့ရှုလုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံ၏ အရေးကြီး သော ခရီးသွား နှင့် စီးပွားရေး အချက်အချာကျသော နေရာများတွင် Memories Group သည် အနောက်တိုင်းနှင့် အာရှမှ ခရီးသွားဧည့်သည်များအား ပစ်မှတ်ထားသည့် အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေး မဟာဗျူဟာများကို ဆက်လက် ကျင့်သုံးလျက် ရှိပါသည်။

၂၀၁၉ စက်တင်ဘာ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ကုမ္ပဏီသည် Ayala Corporation (“Ayala”) နှင့် အမေရိကန်ဒေါ်လာ ၈၂.၅ သန်း ပမာဏရှိ ပြောင်းလဲနိုင်သော ချေးငွေ သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့ပြီး အစုရှယ်ယာ အဖြစ် ပြောင်းလဲနိုင်ရန် စောင့်ဆိုင်းလျက် ရှိပါသည်။ အစုရှယ်ယာ အဖြစ် ပြောင်းလဲမှု ပြီးစီးသည့်နောက်တွင် Ayala သည် ကုမ္ပဏီ၏ အစုရှယ်ယာ ၂၀% ခန့် ကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပြီး ကုမ္ပဏီ

သည် ရရှိလာသော ငွေကြေးများအား လုပ်ငန်းတိုးချဲ့ရန်၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှာဖွေရန်နှင့် လုပ်ငန်းလည်ပတ်မှုအတွက် လိုအပ်သော အရင်းအနှီးအဖြစ် အသုံးပြုသွားနိုင်ရန် ဖြစ်ပါသည်။ အနာဂတ် မျှော်မှန်းချက်များ မှာ ကုမ္ပဏီနှင့် Ayala တို့ကြား အထင်ကရ မိတ်ဖက် ဖွဲ့စည်းမှု မှ တဆင့် လက်ရှိ တည်ရှိပြီး လုပ်ငန်းများ အား ရေရှည်တည်တံ့လာစေရန်နှင့် စီးပွားရေး အခွင့်အလမ်း အသစ်များအား အတူတကွ ရှာဖွေဖော်ထုတ်နိုင်မည့် ရေရှည်ဖွံ့ဖြိုးမှု အစီအစဉ်များ ကို မြန်မာနိုင်ငံရှိ ပြည်သူများ၏ နေထိုင်မှုဘဝ ပိုမိုကောင်းမွန်လာအောင် ရည်ရွယ်လျက် တည်ဆောက်ရန် ဖြစ်ပါ သည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ (၃၀) ရက်

**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm

## AUDITED FINANCIAL STATEMENTS AND MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Co., Ltd ("Company"), and with its subsidiaries, ("Group"), wishes to announce the release of the Company's audited financial statements for the six-month period ended 30th September 2019.

This financial reporting is to comply with the new financial year ended 30th September, covering six months of operating period from 1st April 2019 to 30th September 2019 ("FY Sep 2019"). For meaningful comparison, the Company's management uses its interim financial report covering the period 1st April 2018 to 30th September 2018 ("HY Sep 2018").The discussion and analysis are provided as below:

### KEY HIGHLIGHTS

### Summary of Group Statement of Comprehensive Income

| (MMK'000) | **FY Sep 2019** (Audited) | HY Sep 2018 | % Change |
|---|---|---|---|
| Revenue | **168,432,139** | 130,534,069 | 29.0% |
| Cost of sales | **(99,285,554)** | (79,425,965) | 25.0% |
| Gross profit | **69,146,585** | 51,108,104 | 35.3% |
| Gross margin | **41.1%** | 39.2% | 1.9% |
| Administrative expenses | **(51,731,077)** | (43,597,134) | 18.7% |
| Finance expenses | **(4,962,917)** | (2,635,149) | 88.3% |
| Other losses, net | **(1,772,980)** | (6,287,865) | (71.8%) |
| Share in profit of associates and joint venture, net of tax | **1,951,715** | 14,508,782 | (86.5%) |
| Profit before income tax | **12,631,326** | 13,096,738 | (3.6%) |
| Income tax expense | **(5,530,725)** | (3,282,985) | 68.5% |
| Net profit for the period/ year | **7,100,601** | 9,813,753 | (27.6%) |
| Fair value adjustment of available-for-sale investments | **2,332,924** | (2,497,798) | (193.4%) |
| Share of other comprehensive loss of associate | **(2,315,056)** | - | NM |
| **Total comprehensive income for the period/ year** | **7,118,469** | 7,315,955 | (2.7%) |
| Earnings per share (MMK) | **9** | 246 | (96.3%) |

NM – Not Meaningful

Group revenue for FY Sep 2019 is MMK 168.4 billion, which is 29.0% higher than that of HY Sep 2018.

The main driver of increase in Group's revenue is financial services. Financial services revenue increased by 25.5% from MMK 120 billion in HY Sep 2018 to MMK 150.6 billion in FY Sep 2019. The increase is mainly due to a surge  interest income from portfolios such as digital credit, home loan, microfinance and loan overdraft.

In addition, the total revenue from healthcare services increased by 70.7 % from MMK 10.3 billion in HY Sep 2018 to MMK 17.6 billion in FY Sep 2019. The increase in revenue is due to direct hospital service, ancillary services and equipment rental.

A breakdown of FY Sep 2019 Group revenues is set forth below.

| (MMK'000) | **FY Sep 2019** (Audited) | HY Sep 2018 | % Change |
|---|---|---|---|
| Financial Services | **150,604,461** | 120,023,715 | 25.5% |
| Healthcare Services | **17,639,802** | 10,335,348 | 70.7% |
| Dividend Income | **160,876** | 148,006 | 8.7% |
| Rental | **27,000** | 27,000 | 0% |
| **Total** | **168,432,139** | **130,534,069** | **29.0%** |

The gross profit has improved by 35.3% to MMK 69.1 billion during FY Sep 2019, as compared to MMK 51.1 billion in HY Sep 2018 . It is mainly due to improvement in gross profit margin contributed by financial services via Yoma Bank Limited ("Yoma Bank"). For FY Sep 2019, Yoma Bank has lower interest expenses compared to revenue growth. The gross profit margin of healthcare services remains the same.

The Group administrative expenses increase by 18.7% from MMK 43.6 billion in HY Sep 2018 to MMK 51.7 billion in FY Sep 2019. The increase is due to high costs incurred for employee benefits and compensation, professional fees, marketing and promotion expenses, technology expenses, directors' remuneration and the depreciation of property, plant and equipment. Higher information technology ("IT") and communication is incurred for digital initiatives for the organization, which reflects with one of the core value of the Group. Finance expenses increase by 88.3% from MMK 2.6 billion in HY Sep 2018 to MMK 5.0 billion in FY Sep 2019 due to additional borrowings during the period.

For other losses, net of FY Sep 2019 shows losses of MMK 1.8 billion, which is 71.8% lower than that of HY Sep 2018. Below is the detail breakdown:

| (MMK'000) | **FY Sep 2019** (Audited) | HY Sep 2018 |
|---|---|---|
| Gain on conversion of loan | **150,000** | - |
| Fair value loss on initial recognition of investment property | **(872,173)** | - |
| Gain on disposal of property and equipment | **42,850** | 32,563 |
| Loss on foreign currency exchange, net | **(370,851)** | (5,346,371) |
| Write off of unsuccessful business development | **(216,982)** | (755,053) |
| Capital gains tax | **(3,590)** | (121,244) |
| Written off property and equipment | **(502,234)** | (97,760) |
| **Total Loss** | **(1,772,980)** | (6,287,865) |

The gain on conversion of loan, amounting to MMK 150 million, is due to the International Finance Corporation ("IFC") loan conversion. In addition, the gain on disposal of property and equipment of MMK 42.9 million is from financial services (via Yoma Bank) and healthcare services (via Yoma Siloam Hospital Pun Hlaing Limited).

Fair value loss of MMK 872.2 million on investment property due to fair value at initial recognition of Mawlamyaing land owned by Pun Hlaing International Hospital Limited. In addition, MMK 502.2 million loss is due to Yoma Bank's property and equipment write-off.

The write-off of unsuccessful business development of MMK 217.0 million relates to the feasibility study for investing in Manaung Island, which the board has decided not to pursue.

The loss on foreign currency exchange dropped by 93.1% to MMK 370.9 million in FY Sep 2019. The loss is due to unrealized foreign exchange losses on currency translation of Company's US dollar denominated loan.

The Group's share of profit from associates and joint venture decreased by 86.5% from MMK 14.5 billion in HY Sep 2018 to MMK 2.0 billion in FY Sep 2019. This is mainly due to a decrease in net earnings from the real estate sector. Detailed breakdown of the Group's share of profit of associates and joint ventures are as below:

| | | **Group Share of Profit/Loss** | |
|---|---|---|---|
| **Associates & Joint Venture** | **Stake** | **FY Sep 2019** | HY Sep 2018 |
| (MMK'000) | | (Audited) | |
| FMI Garden Development Co., Ltd | 47.5% | **(48,583)** | (74,249) |
| Thanlyin Estate Development Ltd | 30.0% | **2,006,596** | 11,351,200 |
| Pun Hlaing Link Services Co., Ltd | 30.0% | **611** | 3,243,198 |
| Chindwin Holdings Pte Ltd | 30.0% | **(2,411)** | (82,543) |
| LSC-FMI Co., Ltd | 50.0% | **(971)** | (1,423) |
| Meeyahta International Hotel Ltd | 20.0% | **(2,641)** | 192,813 |
| FMIDecaux Co., Ltd | 40.0% | **(885)** | (120,214) |
| **Total** | | **1,951,715** | 14,508,782 |

FMI
PART OF THE YOMA GROUP

Profit before income tax decrease by 3.6% in FY Sep 2019 to MMK 12.6 billion as compared to HY Sep 2018. The decrease is primarily due to the decrease in fair value gain on investment property from the real estate sector and the increase in expenses. The total Group net profit in FY Sep 2019 decrease by 27.6% to MMK 7.1 billion. The decline in net profit is due to a 68.5% increase in income tax mainly related to Yoma Bank and 86.5% drop in profit from associates and joint venture compared to that of HY Sep 2018.

Fair value adjustment of available-for-sale investments during FY Sep 2019 is MMK 2.3 billion while that of HY Sep 2018 is losses of MMK 2.5 billion. The gain in fair value adjustment is due to the Company's share investment in Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") and Memories Group Limited ("Memories Group"), both of which have quoted market price, and Digital Money Myanmar Ltd. Shown below is the details of fair value adjustment of available for sale investment of MMK 2.3 billion:

| Investment<br><br>(MMK'000) | Carrying Value before Adjustment | Fair Value Adjustment | Carrying Value after Adjustment |
|---|---|---|---|
| MTSH | 1,833,983 | 804,379 | 2,638,362 |
| Memories Group | 3,738,355 | (681,898) | 3,056,457 |
| Digital Money Myanmar Ltd | 8,273,909 | 2,210,443 | 10,484,352 |
| **Total** | **13,846,247** | **2,332,924** | **16,179,171** |

For the FY Sep 2019, there is a share of MMK 2.3 billion of other comprehensive loss of its associate. The loss is due to the foreign currency translation adjustment of Thanlyin Estate Development Ltd.

As a result of the above, the Group recorded a net profit attributable to equity holders of the Company of MMK 253 million in FY Sept 2019 as compared to MMK 6.6 billion in HY Sep 2018.

Earnings per share for HY Sep 2018 was MMK 246 while that of FY Sep 2019 is MMK 9, which is 93.9% decline in earnings per share. The decrease is due to lower net profit for the short six-month period and higher average number of shares outstanding in the period. In addition, the decrease is driven by decline in profit from the real estate sector.

A summary statement of financial position for the group, together with a comparative statement as at the end of the immediately preceding financial year, 31 March 2019.

FMI
PART OF THE YOMA GROUP

**Summary Group Balance Sheet**

| (MMK'000) | **FY Sep 2019** (Audited) | FY Mar 2019 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **2,338,287,344** | 2,105,186,757 | 11.1% |
| Total non-current assets | **788,003,321** | 708,590,477 | 11.2% |
| Total assets | **3,126,290,665** | 2,813,777,234 | 11.1% |
| | | | |
| **LIABILITIES** | | | |
| Total current liabilities | **2,741,514,877** | 2,439,766,009 | 12.4% |
| Total non-current liabilities | **61,087,662** | 63,140,150 | (3.3%) |
| Total liabilities | **2,802,602,539** | 2,502,906,159 | 12.0% |
| | | | |
| **EQUITY** | | | |
| Total equity | **323,688,126** | 310,871,075 | 4.1% |
| Total equity and liabilities | **3,126,290,665** | 2,813,777,234 | 11.1% |

Total current assets have risen by 11.1% in FY Sep 2019, driven primarily by increase in loan portfolio at Yoma Bank. As of 30 September 2019, the bank's loan portfolio has grown to MMK 1,846.2 billion from MMK 1,660 billion as of March 2019.

The increase of 11.2% in total non-current assets is primarily due to the purchase of additional Myanmar treasury bonds by Yoma Bank as well as additional investment in associates due to fair value adjustment.

The 12.0% increase in Group's total liabilities is due to additional loan taken by the Company and Yoma Siloam Hospital Pun Hlaing Limited due to business expansion as well as retranslation of the Company's US dollars denominated loan because of volatility in exchange rate.

Group equity grew at a rate of 4.1%, which is attributable to the increase in reserves and non-controlling interest and came mainly from Yoma Bank.

**Summary Group Cash Flow Statement**

| (MMK'000) | **FY Sep 2019** (Audited) | FY Mar 2019 (Audited) |
|---|---|---|
| Net cash provided by operating activities | **112,512,462** | 198,579,619 |
| Net cash used in investing activities | **(91,701,180)** | (152,385,262) |
| Net cash provided by financing activities | **12,709,494** | 17,483,843 |
| Net increase/ (decrease) in cash and cash equivalents | **33,520,776** | 63,678,200 |
| Cash and cash equivalents at beginning of financial period | **350,634,146** | 286,955,946 |
| Cash and cash equivalents at the end of the financial period | **384,154,922** | 350,634,146 |

Group cash and cash equivalents totaled to MMK 384.2 billion as at 30 September 2019, as compared to MMK 350.6 billion as at 31 March 2019. Yoma Bank represents the majority of cash reported on the Group cashflow statement; its deposits from customers increased faster than its loans, resulting in majority of positive cash flow from operation. The MMK 87.3 billion of cash used in investing in FY Sep 2019 is due to additional purchase of government and other securities by Yoma Bank and MMK4.5 billion for acquisition of property and equipment. The cash provided by financing activities of MMK 12.7 billion mainly related to the additional loan taken by the Company and healthcare services.

**Forward Outlook**

The Group will continue to invest in core businesses sectors namely the financial services, real estate, healthcare and tourism. The Company expects the financial services sector to continue growing at a remarkable rate with healthcare and real estate sectors to make contribution to the Group in the long term.

In the financial services sector, the Yoma Bank will continue to seek new opportunities for growth through practicing sustainable strategies, forming business partnerships and providing innovative financial solutions to Myanmar's small and medium-sized businesses and driving towards standardizing and simplifying the bank's organizational structure. With Mr. Dean Cleland's appointment as the new Chief Executive Officer of Yoma Bank, Yoma Bank will continue to evolve as a fully digitalized consumer and commercial bank, driving a seamless front- to- back customer experience and value proposition. In addition, Yoma Bank marks a significant milestone with IFC, being one of the first banks in Myanmar to receive foreign direct investment. IFC's investment and oversight reflects the credibility and commitment of Yoma Bank in line with global best practices and standards. Lastly, the Company has entered a Share Swap Agreement with Yangon Land Co., Ltd to increase its shareholding in Yoma Bank, which is currently under regulatory approval process.

In the real estate sector, the Yoma Land will persist on promoting the demand for the innovative development market, which will be beneficial to the economy. Yoma Land will continue to offer additional phases of City Loft @ Star City, a new division of modern urban housing that not only showcase competitive pricing but also offer long-term mortgage as long as 25 years. The Company believes that this significant new market will generate a meaningful profit stream for the future.

Going forward with the healthcare sector, Pun Hlaing Siloam Hospital ("PHSH") will continue to execute its strategic expansion plan to accelerate the economic returns and increase capability across PHSH's hospital and clinic network. The Management will focus on seizing a national network with over 10 hospitals across Myanmar by 2023 to provide a robust and sustainable international standard healthcare services.

Our portfolio investments in tourism sector is progressing in terms of its assets base. Memories Group plans to expand its hotel portfolios through acquisitions of well-located hotels and adding more hotel management contracts. Throughout the country's major tourist and business destinations, Memories Group will continue to execute its sales and marketing strategies targeting Western and Asian travellers.

Subsequent to FY Sep 2019, the Company has entered a Convertible Loan Agreement ("CLA") with Ayala Corporation ("Ayala") on 13th November 2019 for a convertible loan amount of USD 82.5 million, which is subject to satisfaction of the conditions to disbursement. After the conversion, the CLA will allow Ayala to take approximately a 20% equity stake in the Company. The proceeds from CLA will

be used for business growth, investment opportunities and working capital purpose. Through the landmark partnership between the Company and Ayala, the future outlook is to promote a long-term vision for the development of the Company and to strengthen our existing businesses as well as to explore potential opportunities together to build a better Myanmar for its people.

**By Order of the Board**

Tun Tun

Executive Director
30 December 2019

**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm